ဆည်ရွာ ကျေးရွာ

ဇီးတောကျေးရွာအုပ်စု၊ ရေစကြို့မြို့နယ်

မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဆည်ရွာ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရေစကြို့မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၈ ခုနှစ်၊ ဇူလိုင် လ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ဆည်ရွာကျေးရွာသည် မကွေးတိုင်းဒေသကြီး ၊ပခုက္ကူခရိုင်၊ ရေစကြို့မြို့နယ် ၊ ဇီးတောအုပ်စုတွင် ပါဝင်သော ကျေးရွာဖြစ်ပါသည်။ ပခုက္ကူ-မန္တလေး-မုံရွာ ကားလမ်းဘေးတွင် ရှိသောကြောင့် ဆက်သွယ်သွားလာရေးတွင် အခက်အခဲမရှိသော်လည်း ရွာချင်းဆက်လမ်း အများစုမှာ မြေသားလမ်းဖြစ်ခြင်းကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲပါသည်။ ကျေးရွာတွင်း လမ်းများသည် ကျစ်မြေ (ခေါ်) ချော်မြေများဖြစ်သောကြောင့် မိုးရာသီတွင် ဗွက်များထူထပ်ပြီး သွားလာရန် ခက်ခဲပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဆည်ရွာကျေးရွာသည် နှစ်စဉ် မိုးရေချိန် လက်မ (၄၅) ခန့် ရရှိပါသည်။ယာမြေ (၄၈၈.၃၅) ဧကရှိသော်လည်း မိုးရေကိုသာ အဓိကထား စိုက်ပျိုးရသောကြောင့် မိုးခေါင်သည့် နှစ်များတွင် သီးနှံများ မရှိခြင်းနှင့် ယာမြေအချို့မှာ မြေဆီမြေခွံညံ့မှုရှိသောကြောင့် ထွက်နှုန်းအလွန်နည်းပါမှုကို တွေ့ရှိရပါသည်။ လယ်မြေ (၃၄၀)ဧကကိုသာ လျှပ်စစ်မြစ်ရေတင်ကို မှီခိုစိုက်ပျိုးကြပြီး အဓိကထား စိုက်ပျိုးအသက်မွေးဝမ်းကျောင်း ပြုကြရပါသည်။

၃။ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆိုင်သော ဘာသာရေးအဖွဲ့၊ လူငယ် ပရဟိတအဖွဲ့၊ လူငယ်ကာလ သားအဖွဲ့၊ မီးလင်းရေးအဖွဲ့နှင့် ရေရရှိရေးအဖွဲ့ စသည်ဖြင့် ဖွဲ့စည်းထားရှိပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။ ထို့အပြင် ပြင်ပအသင်းအဖွဲ့များအဖြစ် အသေးစားငွေစုငွေချေးအဖွဲ့များဖြစ်သော စိုက်ပျိုးရေးဘဏ်၊ သမဝါယမနှင့် ပတ်မြန်မာအဖွဲ့တို့လည်း ရှိပါသည်။ အဖွဲ့အစည်းများမှာ အင်အားကောင်းကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချပြီး ဆောင်ရွက်မှုတွင် စနစ်တကျ ဖွဲ့စည်းဆောင်ရွက်မှု အားနည်းခြင်းနှင့် အမျိုးသမီးများ ပူးပေါင်း ပါဝင် ဆောင်ရွက်မှု အားနည်းခြင်းများ ရှိပါသည်။

(ခ)စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ဆည်ရွာကျေးရွာ၏ အဓိက ဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပါသည်။ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှိသောကြောင့် နှစ်စဉ် မိုးစပါးကို စိုက်ပျိုးနိုင်ကြသည်။ကျေးရွာတွင် စုစုပေါင်း လယ်မြေယာမြေ (၁၀၁၆.၈၈) ဧက ရှိသည့်အနက် လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို အမီပြုလုပ်ကိုင်ရသော လယ်မြေမှာ (၃၄၀) ဧကသာ ရှိပါသည်။ စပါးကို အဓိက သီးနှံအဖြစ် စိုက်ပျိုးကြရာ တစ်ဧကထွက်နှုန်းပျမ်းမျှအားဖြင့် (၇၀)တင်း ထွက်ရှိသောကြောင့် စပါးတင်းပေါင်း (၂၄၁၅၀) တင်း ထွက်ရှိကြောင့် ခန့်မှန်းရပါသည်။သီးထပ်အဖြစ် ဆောင်းရာသီတွင် ကုလားပဲ၊ နွေရာသီတွင် ပဲတီစိမ်းတို့ကို စိုက်ပျိုးကြပါသည်။

ကျေးရွာတွင် ယာမြေစုစုပေါင်း (၄၈၈.၃၅) ဧကရှိသော်လည်း မြေဆီမြေခွံ ညံ့သောကြောင့် စိုက်ပျိုး၍ အဆင်မပြေသော ယာမြေများမှ (၃၀)ရာခိုင်နှုန်းခန့် ရှိကြောင်း တွေ့ရပါသည်။ ယာမြေများစိုက်ပျိုးရာတွင် အဓိက သီးနှံအဖြစ် ငရုတ်၊ နှမ်း၊ ပြောင်း၊ ပဲတီစိမ်းတို့ စိုက်ပျိုးကြပါသည်။ မိုးရေကိုသာ အဓိကထား စိုက်ပျိုးရသောကြောင့် မိုးခေါင်သည့် နှစ်များတွင် သီးနှံများ မရခြင်းများ ကြုံတွေ့ရတတ်ပါသည်။ စိုက်ပျိုးရေးနည်းပညာများ စနစ်တကျမရှိခြင်း၊ မြေဆီမြေခွံ ညံ့ခြင်း၊ မျိုးစေ့ကောင်းများ အသုံးမချတတ်ခြင်းတို့ကြောင့် ထွက်နှုန်းမှာလည်း အလွန်နည်းပါသည်။ထို့ကြောင့် သက်ဆိုင်ရာ ဌာန၊အဖွဲ့စည်းများမှ စိုက်ပျိုးရေးနည်းပညာ သင်တန်းများ ဖွင့်လှစ်ပေးမည် ဆိုပါက ကျေးရွာ၏ စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကြသော မိသားစုအရေအတွက်မှာ အလွန်နည်းပြီး ဒေသခြားများသို့ သွားရောက်လုပ်ကိုင်စားသောက်ကြရသော အလုပ်သမားများလည်း ရှိပါသည်။

ဆည်ရွာကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုသည် (၄၀) ရာခိုင်နှုန်းခန့်ရှိပြီး တောင်သူ လုပ်ငန်းကိုသာ မှီခိုစားသောက်ကြသူများသည် အများဆုံးဖြစ်သည်။ တောင်သူလုပ်ငန်း သည် တစ်နှစ်ပတ်လုံး အလုပ်အကိုင်မရှိသောကြောင့် အခြားလုပ်ငန်းများအဖြစ် အမွေးတိုင် လုပ်ငန်း၊ ပန်းရံ၊ လက်သမား၊ ထန်းလုပ်ငန်းတို့ကိုသာ ကျပန်းလုပ်လေ့ရှိကြသော်လည်း ဝန်ဆောင်မှုလုပ်ငန်း ဆိုင်ရာ အတတ်ပညာနှင့် ကျွမ်းကျင်မှု အားနည်းခြင်းတို့ကြောင့် အခြား အသက်မွေးမှုအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပို့ချ ပေးလျှင် ကျေးရွာတွင် အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည် ဖြစ်ပါသည်။

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာသူ/သားများသည် သန့်ရှင်းသော သောက်သုံးရေ သုံးစွဲနိုင်ရန်အတွက် အဝိစိ စက်တပ်ရေတွင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောက်လုပ်ပေးထား ပါသည်။ သောက်ရေအတွက် အဆင်ပြေသော်လည်း ထုံးဓါတ်နှင့် အငန်ဓါတ်များသဖြင့် ထမင်း၊ ဟင်းချက်၍ အဆင်မပြေပါ။အဝိစိ စက်တပ် ရေတွင်းများသည် ပေ (၃၀၀) ကျော် တူးမှသာ ရေကိုလုံလောက်စွာ ရရှိသောကြောင့် ကိုယ်ပိုင်တွင်းတူးနိုင်သူ ဦးရေမှာ (၅) ဦးခန့်သာ ရှိပါသည်။ ကျေးရွာနှင့် (၂)မိုင်ခန့်တွင် မြစ်ရေတင် ဆည်မြောင်းရှိသော်လည်း သယ်ယူမှု အခက်အခဲ ရှိပါသည်။ အဆိုပါ မြစ်ရေတင်ဆည်မြောင်းမှ ရေကို သောက်သုံးရေအဖြစ် ရရှိနိုင်လျှင် ရွာသူ/သားများ အတွက် သောက်သုံးရေ လုံလောက်စွာ ရရှိမည် ဖြစ်ပါသည်။

ကျေးရွာတွင် မူလတန်းလွန်ကျောင်း (၁)ကျောင်းရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင် ဆောက်လုပ်ခဲ့ပါသည်။ အလယ်တန်း ကျောင်းသား/သူများသည် (၄) ဖာလုံကွာဝေးသော ဇီးတော

ကျေးရွာသို့ဝင်း၊ အထက်တန်းကျောင်းသား/သူများသည် ၅ ဖာလုံ ကွာဝေးသော ဖူလုံကျေးရွာများသို့ သွားရောက်ပညာသင်ကြားပါသည်။ တက္ကသိုလ်/ကောလိပ်တက်ရောက်ရန်အတွက် စီးပွားရေး အခြေအနေအရ ခက်ခဲမှု တွေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးကော်မတီကို (၂၀၁၃) ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး ကိုယ်ထူကိုယ်ထ မီးလင်းရေးကို ဆောင်ရွက်နိုင်ခဲ့ပါသည်။(၂၀၁၄) ခုနှစ် ဧပြီ လမှ မဟာဓါတ်အားလိုင်းရရှိပြီး မီး စတင်လင်းနိုင်ခဲ့သော်လည်း ကျေးရွာ၏ ၂၈ ရာခိုင်နှုန်းခန့်သာ ကိုယ်ပိုင်မီတာပေါက်အသုံးပြုနိုင်ကြပါသည်။ (၂၇) ရာခိုင်နှုန်းမှာ ဆိုလာအသုံးပြုကြပြီး ကျန်အိမ်ထောင်စု များမှာ ဘတ္ထရီ၊ဖယောင်းတိုင် စသည်တို့ အသုံးပြုကြပါသည်။

ကျေးရွာတွင်း လမ်းများသည် ကျစ်မြေ (ခေါ်) ချော်မြေများဖြစ်သောကြောင့် မိုးရာသီတွင် ဗွက်များထူထပ်ပြီး သွားလာရန် ခက်ခဲပါသည်။ထို့ကြောင့် မြေနီ ကျောက်စရစ် လမ်းအဖြစ် အဆင့်မြှင့်တင်လျှင် ကျေးရွာတွင်း သွားလာရပိုမိုလွယ်မည်ဖြစ်ပြီး ရွာသူရွာသားများအတွက် ပိုမို အကျိုးရှိမည် ဖြစ်သဖြင့် ကျေးရွာတွင်းလမ်းများ မြေနီကျောက်စရစ် လမ်းခင်းခြင်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပထမဦးစားပေး စီမံချက်ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ငွေကြေးဝန်ဆောင်မှုအနေဖြင့် တောင်သူလယ်သမားများအတွက် လိုအပ်သော စိုက်ပျိုးရေးစရိတ်ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါ ယမ အဖွဲ့တို့မှ တစ်ဧက အသုံးစရိတ်အနေဖြင့် တစ်သိန်းကျပ် ထုတ်ချေးရာတွင် အတိုးနှုန်း (၂)ကျပ်နှုန်းဖြင့် (၆)လပြည့်လျှင် ပြန်လည်ပြီး ချေးငွေပေးဆပ်ရပါသည်။ အခြားအသေးစား ငွေစုငွေချေးလုပ်ငန်းများလည်း တောင်သူစရိတ် ချေးငွေများထုတ်ချေးပါသည်။ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများအတွက် ချေးငွေအဖွဲ့မရှိသောကြောင့် ၎င်းလုပ်ငန်းများအတွက်လည်း ချေးငွေများရရှိရန် လိုအပ် ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ပညာရေး

ကျေးရွာ၏ ပညာရေးသည် အလွန်အားနည်းကြောင်း တွေ့ရှိရပါသည်။ရွာသားအများစုသည် အခြေခံအရေး၊အဖတ်၊အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ် ပညာရပ်များဖြင့် ဘွဲ့ရသူများ အနည်းငယ်သာ ရှိပါသည်။ ကျေးရွာတွင်အခြေခံပညာ မူလတန်းကျောင်းရှိပြီး အလယ်တန်းနှင့် အထက်တန်းအဆင့်အတွက် အလယ်တန်းအဆင့်ကျောင်းသား/သူများသည် ဇီးတောကျေးရွာသို့ဝင်း အထက်တန်းအဆင့်ကျောင်းသား/သူများသည် ကျေးရွာနှင့် (၃)မိုင်ကျော်ခန့် ကွာဝေးသော ဖူလုံကျောင်းသို့ သွားရောက်ပညာသင်ကြရသဖြင့် အများစုမှာ မူလတန်းအောင် အဆင့်သာ သင်ကြားခဲ့ကြသူများ ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် တောင်သူလုပ်ငန်းများသာ လုပ်ကိုင်စားသောက်ကြပါသည်။

(စ) ကျန်းမာရေး

ကျေးရွာသူ/သားများသည် ကျန်းမာရေး ဆေးပေးခန်းမရှိသော်လည်း အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ကူးစက်ရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးပြီး မိုးရာသီတွင် ဖြစ်ပွားသော သွေးလွန်တုပ်ကွေး ၊ ဝမ်းပျက်ဝမ်းလျှောခြင်း၊ နှာစေးချောင်းဆိုး ရောဂါများသည် အများအားဖြင့် (၁၀)နှစ်အောက် ကလေးငယ်များတွင် အဖြစ်များပါသည်။ကျေးရွာတွင် ကျန်းမာရေး ဝန်ထမ်းမရှိသောကြောင့် အရေးပေါ်ကျန်းမာရေးအခြေအနေများတွင် ကျေးရွာနှင့် (၄)မိုင်ဝေးကွာသော တိုက်နယ်ဆေးရုံသို့လည်းကောင်း၊ (၆)မိုင်ဝေးကွာသော မြို့နယ်ဆေးရုံသို့ လည်းကောင်း သွားရောက်ကုသရပါသည်။ ထိုသို့ အရေးပေါ် အခြေအနေများတွင် ကျေးရွာတွင် နာရေးကူညီမှုကား မရှိသောကြောင့် မိုးရွာသွန်းချိန်များတွင် အခက်အခဲများစွာ ရှိပါသည်။ ထို့ကြောင့် ဆေးပေးခန်းဆောက်လုပ် ရန်နှင့်ကျန်းမာရေးဝန်ထမ်းများ ချထားပေးရန် တင်ပြ တောင်းခံသွားမည် ဖြစ်ပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာလယ်မြေဧက (၃၄၀) ကိုသာ သီးထပ်အဖြစ် စိုက်ပျိုးခြင်း၊ ဓါတုကွန်ပေါင်း မြေဩဇာများ အသုံးပြုခြင်း၊ သဘာဝမြေဆီများဖြစ်သော နွားချေး၊ သစ်ရွက်ဆွေးများ ထည့်သွင်းသုံးစွဲမှုနည်းပါးသောကြောင့် မြေဆီလွှာပျက်စီးမှုများ ကြုံတွေ့နေရပါသည်။ ပိုးသတ်ဆေးများ သုံးစွဲရာတွင် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို စနစ်တကျ လိုက်နာမှု မရှိသောကြောင့် ဘေးဥပဒ်များ ရရှိပါသည်။ အခြားသဘာဝ ဘေးအန္တရာယ်များ မရှိသော်လည်း ယခုနှစ် ၂၀၁၇-၂၀၁၈ခုနှစ် ဇွန်လပိုင်းတွင် ရွာသွန်းသော မိုးများကြောင့် ပဲတီစိမ်းခင်းများ နစ်မြုပ်ဆုံးရှုံးမှုအနည်းငယ် ရှိကြောင်း တွေ့ရပါသည်။

(ဇ)ကျား – မ ရေးရာ


ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများနှင့် တောင်သူလုပ်ငန်းများဖြင့်သာ အချိန်ကုန်ကြရသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများကသာ ရှေ့ကဦးဆောင် လုပ်ကိုင်ရသော လယ်ထွန်စက်များ မောင်းခြင်း၊ ထွန်ယက်ခြင်းများ လုပ်ကိုင်ကြပြီး အမျိုးသမီးများ အနေဖြင့် ပေါင်းနှုတ် ခြင်း၊ ကောက်စိုက်ခြင်းစသည့် လုပ်ငန်းများ လုပ်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်း အမျိုးသားများကသာ ဦးဆောင်ပြီး လုပ်အားခအနေဖြင့်လည်း အမျိုးသားများ သည် အမျိုးသမီးများထက်လုပ်အားခ ပိုမိုရရှိကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ နည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်း ပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူ အခွင့်အရေးရှိသော်လည်း အသိပညာဗဟုသုတ

နည်းသဖြင့် အခြားတစ်ပိုင်တစ်နိုင် အသက်မွေးမှုအတတ်ပညာများတွင် အားနည်းကြောင်း တွေ့ရပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	လမ်း၊တံတား	ရွာတွင်းလမ်းများ မြေနီ ကျောက်စရစ်ခင်းခြင်း	၁
၂	ကျန်းမာရေး	ဆေးပေးခန်းဆောက်လုပ် ရန်နှင့်ကျန်းမာရေးဝန်ထမ်းများ ချထားပေးရန်	၂
၃	လူငယ်	အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ခြင်း	၃
၄	လမ်း၊တံတား	ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်း	၄
၅	အမျိုးသမီး	အမျိုးသမီးအသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်နှင့် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ခြင်း (စက်ချုပ်၊ ဓာထိုး၊ ပန်းထိုး)	၅
၆	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးရန်	၆
၇	ရေပေးရေး	သောက်သုံးရေအဖြစ် ဆည်မြောင်းရေကို ရရှိအောင်ဆောင်ရွက်ရန်၊	၇

မကွေးတိုင်းဒေသကြီး၊ပခုက္ကူခရိုင် ၊ ရေစကြိုမြို့နယ် ၊ ဓိုးတောကျေးရွာအုပ်စု ၊ အညာရွာကျေးရွာ သံယံဇာတပြမြေပုံ 10.6.2018.



ဆည်ရွာကျေး-ရွာ ဖွံ့ဖြိုးရေး အသင်းအဖွဲ့ စည်း-ချိတ်ဆက်မှုပြုဖြေပုံ

18.6.2018



ကျွန်းတိုင်း ဒေသကြီး ဒေါင်းတိုက်ရှိ နေထိုင်သူ အသိုက်အဝန်းများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဖြစ်ပေါ်နေသည့် ပြဿနာများ ဖြေရှင်းရေး ဖြေပုံ 9-6-2018

လ	တန်ခူးလ	ကဆုန်လ	နယုန်လ	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာဇို	တန်ခူး	တန်ဆေး
ရာသီဥတု	ရောပူ	နာလွန်းမှုပြင်း	မိုးအနဲငယ်ကျ	တိမ်ထူထပ်	မိုးဖွဲဖွဲသွန်း	ရောပူ-မိုးကွာ	မိုးသည်းထန်	နှောင်းဆောင်း-နွေဦးကျ	အပူဓာတ်မြင့်-နွေဦးကျ	နေပူပြင်းခြောက်မှု နွေဦးကျ	အပူဓာတ်မြင့်မှု	ဂယက်အပြင်းတိုက်
ပင်လုပ်ငန်းဆိုင်ရာ	ပင်ခိုစိမ်းကျ	ပင်ခိုစေးဖြူး	ပင်ခိုမှိမ်း ကောက်ပဲ ဆီမှိမ်း	စပါးပျိုးထောင်	ကောက်ခိုက်	မိုးနှမ်းကျ	စပါးစေ့ခြောက်ထုပ်	လယ်ကိုထိမ်းမိုး	ကုလားပဲကျ	ကုလားပဲစေးဖျော်	ဆွဲတွာအောင် ကြိုးဆွဲ	ကုလားပဲဘဲမိုး
ကုန်သွယ်ရေးနှင့် ဒေသခံလူမှုဘဝ	ပင်မပျိုကို ဝယ်ယူသည်	နာများ နာများ	ဇောကပ်မှုကို တွေ့ရ	ဈေးကပ်မှုကို ဆွေးရ	ဈေးကပ်မှုကို ပါ.	ဈေးသွန်တုပ် ကျွေးစားရသည်	ဈေးသွန်တုပ် ဈေးကောက်ခံသူ	ခွာဝေး ချောင်းထိုး	ခွာဝေး ချောင်းထိုး များ	များ ရှာ. နှံ	ရေဂါမျှ	ဝမ်းပျက်ရောဂါ ဝမ်းရောဂါ
ဒေသခံလူမှုဘဝ	သတ်ပိုးပွဲ	မပျို	မပျံပါ	ပိုးတွေ့ထိခိုက်ခဲ့ရ.	ပိုးသတ်ဆေးဖိုးကြေး	—	ဂဟုတ်ပွဲ ပျံပါ	—	အမှိုက်စွန့်ပစ်မှုများ	—	—	—
ပြဿနာဖြေရှင်းနည်း	စာရွက်တိုင်ကြား ပါ	ပဉ္စင်းရဲ့ ဂရုစိုက်မှုများ	ယခုအချိန်အထိ ပင်ခိုကောက်	ယခုအချိန်အထိ ဂရုမစိုက်	ကောက်ခိုက်ခြင်း မရှိတော့	ပဉ်းရဲ့ သက်သေများ ရှာဖွေတိုင်ကြား ပါ.	သက်သေများ ရှာဖွေတိုင်ကြား	ဈေးပါ ရှိတော့	ပဉ်းရဲ့ သက်သေများ	ပဉ်းရဲ့ ရှာဖွေတိုင်ကြား သက်သေများ	ကုလားပဲ ဆီမိုး	